**နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့**

**နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအန္တရာယ်မှ**

**ကာကွယ်စောင့်ရှောက်သည့် ဥပဒေကို ပြင်ဆင်သည့်ဥပဒေ**

**(နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ ဥပဒေအမှတ် ၁၁/၉၁)**

၁၃၅၃ ခုနှစ်၊ ဒုတိယဝါဆိုလပြည့်ကျော် ၁၄ ရက်

(၁၉၉၁ ခုနှစ်၊ ဩဂုတ်လ ၉ ရက်)

နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့သည် အောက်ပါဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို နိုင်ငံတော်အား နှောင့်ယှက်ဖျက်ဆီးလိုသူများ၏ ဘေးအအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေကိုပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၄ တွင်ပါရှိသော "တစ်ကြိမ်လျှင် ရက်ပေါင်းတစ်ရာ့ရှစ်ဆယ်ထက်မပိုစေဘဲ စုစုပေါင်း ၃ နှစ်အထိ" ဆိုသည့် စကားရပ်ကို " တစ်ကြိမ်လျှင် တစ်နှစ်ထက်မပိုစေဘဲ စုစုပေါင်း ၅ နှစ်အထိ' ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၃။ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၁၉ တွင်ပါရှိသော "ဤဥပဒေအရ" ဆိုသည့် စကားရပ်ကို "ဗဟိုအဖွဲ့၏ အမိန့်တစ်ရပ်ရပ်အရ" ဆိုသည့် စကားရပ်ဖြင့် အစားထိုးရမည်။

၄။ နိုင်ငံတော်အားနှောင့်ယှက်ဖျက်ဆီးလိုသူများ၏ဘေးအအန္တရာယ်မှ ကာကွယ်စောင့်ရှောက်သည့် ဥပဒေပုဒ်မ ၂၁ ကိုပယ်ဖျက်ရမည်။